အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်၏ ဘုရားသခင်

(Friday—Evening Session)

Message Six

ဗေသလအိပ်မက်

ဖတ်ရန်ကျမ်း။ ။ က၊၂၈း၁၀-၂၂။ ယော၊၁း၅၁

I. ယာကုပ်၏အိပ်မက်သည် ဘုရားသခင့်ပန်းတိုင်၏အိပ်မက်၊ ဗေသလအိပ်မက်၊ ဘုရားသခင့်အိမ်တော်၏ အိပ်မက်ဖြစ်ပြီး (က၊ ၂၈း၁၀-၂၂)၊ ယင်းသည် ယနေ့ အသင်းတော်ဖြစ်ကာ (၁တိ၊၃း၁၅)၊ ဘုရားသခင်နှင့် ကိုယ်တော်၏ ရွေးနုတ်ခံရသော ရွေးချယ်ခံတို့၏ ထာဝရကိန်းဝပ်ရာနေရာအဖြစ် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် (ဗျာ၊၂၁း၃, ၂၂)။

A. ဘုရားသခင်၌ အိပ်မက်တစ်ခုရှိပြီး၊ ထိုအိပ်မက်မှာ ကိုယ်တော်၏ စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအဖြစ် တည်ဆောက်ထားသောမြို့တော် တည်းဟူသော ယေရုရှလင်မြို့သစ်ကို ရရှိရန်ဖြစ်သည်။ ဤတည်ဆောက်ခြင်းသည် ဘုရားသခင်က လူအထဲသို့၊ လူကို ဘုရားသခင်အထဲသို့ တည်ဆောက်ခြင်း ဖြစ်သည် - ဘုရားသခင်၏တည်ဆောက်ခြင်းသည် ဘုရားလူ တည်းဟူသော ဘုရားသည် လူ၏အိမ်ဖြစ်ခြင်း (ဆာ၊၉၀း၁။ ၉၁း၁၊ ၉) နှင့် လူသည် ဘုရား၏အိမ်ဖြစ်ခြင်း (ဟေရှာ၊၆၆း၁-၂။ ၅၇း၁၅။ ယော၊၁၄း၂၀၊ ၂၃။ ၁၅း၅။ ဗျာ၊၂၁း၃, ၂၂) ဖြစ်သည်။

B. ကျွန်ုပ်တို့၏အိပ်မက်မှာ ဘုရားသခင်၏စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ယေရုရှလင်မြို့သစ် ဖြစ်လာရန်ဖြစ်သည် - အငယ်၊၉-၁၀။

C. အိပ်မက်၏မူအလေ့အလာမှာ ၎င်း၌ မဖြစ်နိုင်သော တစ်စုံတစ်ရာသည် ကျွန်ုပ်တို့ထံ ဖြစ်ပျက်လာခြင်း ဖြစ်သည် - ညွှန်း၊ လု၊ ၁း၃၇။ ၁၈း၂၇။ ယောဘ၊၄၂း၂-၃။ ဆာ၊၁၂၆း၁။ ယေ၊၃၂း၂၇။

1. ဝိညာဉ်ရေးရာရူပါရုံတိုင်းသည် အိပ်မက်တစ်ခု ဖြစ်သည်။ ဝိညာဉ်ရေးရာအတွေ့အကြုံတိုင်းသည် အိပ်မက်ပင်ဖြစ်သည်။
2. ကောင်းကင်ဆိုင်ရာရူပါရုံအများစုသည် ဒုက္ခဆင်းရဲခံရာကာလများ၌၊ ကျွန်ုပ်တို့သည် လူ၏အရာများမှ ဖြတ်တောက်ခံရကာ၊ ဘုရားသခင်၏အရာ၌ ကျွန်ုပ်တို့ ကိုးစားလာကြသည့်အခါတို့၌ ရောက်လာတတ်သည် - ညွှန်း၊ က၊၂၈း၁၀-၁၂။
3. ကျွန်ုပ်တို့ ဝိညာဉ်ရေးရာအသက်တာ၏ ပထမဆုံးအိပ်မက်မှာ ကျွန်ုပ်တို့၏ကယ်တင်ခြင်း ဖြစ်လေသည်။ အသင်းတော်အသက်တာအထဲသို့ ရောက်လာခြင်းသည် အိပ်မက်တစ်ခုဖြစ်သည်။ အသင်းတော်၏ လက်တွေ့ကျခြင်းကို သိရှိခြင်းသည်လည်း အိပ်မက်တစ်ခုဖြစ်သည်။
4. ဝိညာဉ်ရေးရာအိပ်မက်တိုင်း၏ အလယ်ဗဟိုမှာ လှေကားအဖြစ် ခရစ်တော်သည် ကောင်းကင်ကို မြေကြီးသို့ ဆောင်ယူလာပြီး၊ မြေကြီးကို ကောင်းကင်သို့ ဆက်နွယ်သောအရှင် ဖြစ်ခြင်း ဖြစ်သည် - ယော၊၁း၅၁။

II. ကမ္ဘာဦး ၂၈ ရှိ ယာကုပ်၏အိပ်မက်သည် ကမ္ဘာဦးကျမ်းတစ်ခုလုံး၌ အရေးအကြီးဆုံးအချက် ဖြစ်ပြီး၊ ဘုရားသခင်၏ဖွင့်ပြခြင်း၌ အရေးအကြီးဆုံး စကားလုံး ဖြစ်သည်။

A. ဗေသလရှိ ကောင်းကင်ဆိုင်ရာလှေကားဖြစ်ခြင်း၌ ခရစ်တော်သည် ကိုယ်တော်၏ရွေးနုတ်ခံနှင့် ပုံသဏ္ဌာန်ပြောင်းလဲခံရသော ရွေးချယ်ခံများဖြင့် မြေကြီးပေါ် အိမ်တော်ရရှိရန် ဘုရားသခင် မည်မျှ အလိုတော်ရှိခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ထံ စကားပြောနေပြီး၊ ထိုသို့ဖြင့် ကိုယ်တော်သည် ကောင်းကင် (ဘုရားသခင်)ကို မြေကြီး (လူ) ထံသို့ ယူဆောင်လာ၍၊ မြေကြီး (လူ) ကို ကောင်းကင် (ဘုရားသခင်) ထံ ပေါင်းစည်းဆက်နွယ်စေလျက်၊ နှစ်ဦးကို ထာဝရကာလပတ်လုံး တစ်ဦးတည်းဖြစ်စေရန်ပင် ဖြစ်သည် - ယော၊၁း၅၁။ က၊၂၈း၁၀-၂၂။

B. ယာကုပ်၏အိပ်မက်အကြောင်းအရာ၌ ကျောက် (အငယ်၊၁၁၊ ၁၈၊ ၂၂)၊ တိုင် (အငယ်၊၁၈)၊ ဘုရားသခင်၏အိမ်တော် (အငယ်၊ ၁၇၊ ၁၉၊ ၂၂) နှင့် ဆီ (အငယ်၊၁၈) တို့သည် ပေါ်လွင်ထင်ရှားသောအချက်များဖြစ်ကြကာ၊ ၎င်းတို့သည် သမ္မာကျမ်းစာကို ရေးဖွဲ့ထားသည့် အခြေခံအကြောင်းရင်းများ ဖြစ်သည်။

1. ကျောက်သည် ဘုရားသခင်၏တည်ဆောက်ခြင်း၊ ကိုယ်တော်၏ ဝိညာဉ်ဆိုင်ရာ အိမ်တော်အတွက် တိုက်မြစ်ကျောက်၊ အထွတ်ကျောက်နှင့် တိုက်ထောင့်ကျောက်အဖြစ် ခရစ်တော်ကို ပုံဆောင်သည် - ဟေရှာ၊၂၈း၁၆။ ဧဖ၊၂း၂၀။ တ၊၂း၁၀-၁၂။
2. ၎င်းသည် ပုံသဏ္ဌာန်ပြောင်းလဲခံရသော လူကိုလည်း ပုံဆောင်ပြီး၊ သူသည် ဘုရားသခင့်အိမ်တော် တည်ဆောက်ခြင်းအတွက် တန်ဆာပလာဖြစ်ရန် ပုံသဏ္ဌာန်ပြောင်းလဲသော ဒြပ်သဘာဝအဖြစ် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရသူဖြစ်ကာ (က၊၂း၁၂။ မ၊၁၆း၁၈။ ယော၊၁း၄၂။ ၁ကော၊၃း၁၂။ ၁ပေ၊၂း၅။ ဗျာ၊၂၁း၁၁၊ ၁၈-၂၀)၊ ယင်းသည် ယနေ့ အသင်းတော်ဖြစ်၍ (၁တိ၊၃း၁၅)၊ ဘုရားသခင်နှင့် ကိုယ်တော်၏ရွေးနုတ်ခံ ရွေးချယ်ခံများတို့၏ ထာဝရကိန်းဝပ်ရာအဖြစ် ယေရှုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် (ဗျာ၊၂၁း၃၊ ၂၂။ ယော၊၁၄း၂၃)။
3. ယာကုပ်သည် ကျောက်ကို ခေါင်းအုံးဖို့ အသုံးပြုခဲ့ပြီး၊ ယင်းမှာ ကိုယ်တော်ကို ကျွန်ုပ်တို့ အတွင်းကျကျ တွေ့ကြုံခံစားရခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခံရသော ခရစ်တော်၏ ဘုရားဆိုင်ရာဒြပ်သဘာဝသည် ကျွန်ုပ်တို့၏နားခိုခြင်း (ကျေနပ်နှစ်သိမ့်ခြင်းလည်းအပါအဝင်) အတွက် ခေါင်းအုံးဖြစ်လာကြောင်း၊ ကျွန်ုပ်တို့အတွင်း ခိုင်မာသော မစမူ ဖြစ်လာကြောင်း ပုံဆောင်သည် - ညွှန်း၊ မ၊၁၃း၅။
4. မိမိအိပ်မက်မှ နိုးထလာပြီးနောက် ယာကုပ်သည် ခေါင်းအုံးကျောက်ကို တိုင်အဖြစ် စိုက်ထူခဲ့ပြီး၊ ယင်းမှာ ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့သော၊ ကျွန်ုပ်တို့အထဲသို့ ဆောင်ယူခံရသော၊ ကျွန်ုပ်တို့နားခိုရသော ခရစ်တော်သည် ဘုရားသခင်၏တည်ဆောက်ခြင်း၊ ဘုရားသခင်၏အိမ်တော်အတွက် တန်ဆာပလာနှင့် ထောက်ပံ့မစမူဖြစ်လာကြောင်း ပုံဆောင်သည် - ညွှန်း၊ ၁ဘုရင်၊၇း၁၇၊ ၂၁။ ဂလ၊၃း၉။ ဗျာ၊၃း၁၂။
5. နောက်ဆုံးတွင် ယာကုပ်သည် သုံးပါးတစ်ပါးဘုရားက လူထံသို့ ရောက်ရှိလာခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သော ဝိညာဉ်တော်၏ ပုံဆောင်ချက်ဖြစ်သည့် ဆီ (ထွ၊၃၀း၂၃-၃၀။ လု၊၄း၁၈) ကို ကျောက်အပေါ် သွန်းလောင်းခဲ့ပြီး၊ ယင်းက ပုံသဏ္ဌာန်ပြောင်းလဲခံရသောလူသည် သုံးပါးတစ်ပါးဘုရားနှင့် တစ်လုံးတစ်ဝဖြစ်ကာ၊ ကိုယ်တော်ကို ထင်ရှားစေခြင်းအား ပုံဆောင်သည်။
6. ထိုကျောက်သည် ဗေသလ တည်းဟူသော ဘုရားသခင်၏အိမ်တော်ဖြစ်လာသည် (က၊၂၈း၁၇၊ ၁၉၊ ၂၂)။
   a. ဘုရားသခင်၏အိမ်တော်သည် ဘုရားသခင်နှင့် ကိုယ်တော်၏ရွေးနုတ်ခံတို့ အပြန်အလှန်ကိန်းဝပ်ရာနေရာ (ယော၊ ၁၄း၂၊ ၂၃) - ဘုရားသခင်၏ကိန်းဝပ်ရာအဖြစ် လူ (ဟေရှာ၊၆၆း၁-၂။ ၁ကော၊၃း၁၆။ ဧ၊၂း၂၂။ ဟေဗြ၊၃း၆။ ဗျာ၊၂၁း၃) နှင့် လူ၏ကိန်းဝပ်ရာနေရာအဖြစ် ဘုရားသခင် (ဆာ၊၉၀း၁။ ၉၁း၁။ ယော၊၁၅း၅။ ဗျာ၊၂၁း၂၂) ဖြစ်သည်။
   b. ထို့ကြောင့် ဘုရားသခင်၏အိမ်တော်သည် ဘုရားသခင်နှင့်လူ တစ်လုံးတစ်ဝတည်း အတူတကွ ရောနှောပေါင်းစည်းသည့် စေ့စပ်ထုံးဖွဲ့မှုဖြစ်သည်။ ဘုရားသခင်၏အိမ်တော်၌ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို လူသားဇာတိ၌ ထင်ရှားစေပြီး၊ ဘုရားသခင်နှင့် လူ နှစ်ဦးလုံးသည် အပြန်အလှန်နှင့် ထာဝရတိုင် ကျေနပ်နှစ်သိမ့်ခြင်းနှင့် နားခိုခြင်းကို ရရှိကြသည် - ဆာ၊၁၃၂း၁၃-၁၄။
7. ယနေ့ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ဗေသလ၏ စစ်မှန်ခြင်း၌၊ ကောင်းကင်ဆိုင်ရာလှေကား၊ ကျောက်၊ တိုင်၊ ဘုရားသခင်၏အိမ်တော်နှင့် ဆီတို့ရှိသော ယာကုပ်၏အိပ်မက် ပြီးပြည့်စုံခြင်း၌ ရှိနေကြသည်။ ဤအရာသည် ထာဝရဗေသလ၊ ဘုရားသခင်၏ထာဝရအိမ်တော်အဖြစ် ယေရှုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် - ၁တိ၊၃း၁၅။ ဗျာ၊၂၁း၃၊ ၂၂။
8. ဘုရားသခင်၏အိမ်တော်သည် ဘုရားသခင်နှင့်လူ အတူတကွ တစ်လုံးတစ်ဝတည်းအဖြစ် ပေါင်းစည်းခြင်း၊ ရောနှောခြင်းနှင့် ပေါင်းစည်းညီညွတ်ခြင်းဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းဖြစ်သည် - ယော၊၁၄း၂၃။ ၁ယော၊၄း၁၅-၁၆။ ညွှန်း၊ တ၊ ၁၇း၂၄။

III. "မြင်ရသောအိပ်မက်ဟူမူကား၊ မြေကြီးပေါ်၌ လှေကားထောင်လျက် အဖျားသည် ကောင်းကင်တိုင်အောင် မီ၏။ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ထိုလှေကားဖြင့် တက်လျက် ဆင်းလျက် ရှိကြ၏" (က၊၂၈း၁၂)။ "သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ နောင်ကာလ၌ ကောင်းကင် ဖွင့်လှစ်သည်ကိုလည်းကောင်း၊ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် လူသားအပေါ်၌ တက်လျက် ဆင်းလျက် ရှိနေသည်ကိုလည်းကောင်း၊ သင်တို့သည် မြင်ရကြလတံ့ဟု မိန့်တော်မူ၏" (ယော၊၁း၅၁)။

A. လှေကားသည် ယာကုပ်အိပ်မက်၏ အလယ်ဗဟို၊ ဗဟိုချက် ဖြစ်သည်။ ဤအိပ်မက်သည် ခရစ်တော်၏ ဖွင့်ပြခြင်းဖြစ်သည်၊ အကြောင်းမှာ ခရစ်တော်သည် ယာကုပ်မြင်ခဲ့သော လှေကား၏စစ်မှန်ခြင်းဖြစ်သောကြောင့် ဖြစ်သည်။

B. လူသားတော်အဖြစ် ခရစ်တော်သည် ကိုယ်တော်၏လူသားဇာတိ၌ ကောင်းကင် (ဘုရားသခင်)ကို မြေကြီး (လူ) ထံသို့ ယူဆောင်လာကာ၊ မြေကြီးကို ကောင်းကင်နှင့် တစ်လုံးတစ်ဝတည်း ပေါင်းစည်းဆက်နွယ်ပေးသည့် မြေကြီးပေါ်မှာထောင်ထားသောလှေကား ဖြစ်တော်မူသည် - ည္ဇန်း၊၁၄း၆။

1. လူဇာတိခံခြင်းမှတစ်ဆင့် ကိုယ်တော်ကြွလာခြင်းအားဖြင့် သခင်ယေရှုသည် ဘုရားသခင်ကို လူအထဲသို့ ယူဆောင်လာခဲ့သည် - ၁း၁၄။
2. အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကိုယ်တော် သွားခြင်းအားဖြင့် သခင်ယေရှုသည် လူကို ဘုရားသခင်အထဲသို့ ခေါ်ဆောင်လာခဲ့သည် - ၁၄း၆၊ ၂၀။

C. ယနေ့ ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်သည့် (၉၂း၂၂) ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသောဝိညာဉ်သည် ကောင်းကင်ဆိုင်ရာလှေကားအဖြစ် ခရစ်တော်က မြေကြီးပေါ် ထောင်ထားရာ အခြေဖြစ်သည် (က၂၈း၁၂။ ၂တိ၊၄း၂၂)။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ထဲ လှည့်ပြန်လာသည့်အခါတိုင်း လှေကားအဖြစ် ခရစ်တော်က ဘုရားသခင်ကို ကျွန်ုပ်တို့ထံ၊ ကျွန်ုပ်တို့ကို ဘုရားသခင်ထံ ခေါ်ဆောင်ပေးခြင်းအား တွေ့ကြုံခံစားကြရခြင်းဖြစ်သည်။

1. "ထို့ကြောင့် ညီအစ်ကိုတို့၊ ယေရှု၏ အသွေးတော်၌ အသန့်ရှင်းဆုံးဌာနအထဲသို့ ရဲရင့်စွာ ဝင်ရသော အခွင့်ရှိသဖြင့်" - ဟေဗြဲ၊၁၀း၁၉။
   a. ယနေ့ အသန့်ရှင်းဆုံးဌာနသည် သခင်ယေရှုရှိရာနေရာဖြစ်သည့် ကောင်းကင်၌ ရှိသည် (၉း၁၂၊ ၂၄)။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် မြေကြီးပေါ်မှာ ရှိနေကြဆဲဖြစ်စဉ် အသန့်ရှင်းဆုံးဌာနအထဲသို့ ဝင်ရောက်နိုင်ကြမည်နည်း။
   b. လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့၏ဝိညာဉ်ဖြစ်ပြီး၊ ယင်းကို ဟေဗြဲ ၄း၁၂ တွင် ရည်ညွှန်းထားသည်။ ကောင်းကင်၌ရှိနေသော ခရစ်တော်သည်ပင် ယခု ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိနေသည် - ၂တိ၊၄း၂၂။
   c. ကောင်းကင်ဆိုင်ရာလှေကားအဖြစ် (က၂၈း၁၂။ ယော၊၁း၅၁) ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို ကောင်းကင်သို့ ဆက်နွယ်ပေးပြီး၊ ကောင်းကင်ကို ကျွန်ုပ်တို့၏ဝိညာဉ်အထဲသို့ ယူဆောင်လာသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ဝိညာဉ်ထဲ လှည့်ပြန်လာသည့်အခါတိုင်း ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးဌာနအထဲသို့ ဝင်ရောက်ကြခြင်းဖြစ်သည်။ ထိုနေရာမှာ ကျွန်ုပ်တို့သည် ကျေးဇူးတော်ပလ္လင်တော်ပေါ်မှာရှိသော ဘုရားသခင်နှင့် တွေ့ဆုံကြရသည်။
2. "ထို့ကြောင့် ငါတို့သည် အချိန်မီ မစခြင်း ခံရမည့်အကြောင်း၊ ကရုဏာကို လက်ခံရန်နှင့် ကျေးဇူးတော်ကို တွေ့မြင်ရန် ကျေးဇူးတော်ပလ္လင်သို့ ရဲရင့်စွာ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" - ဟေဗြဲ၊၄း၁၆။
   a. သေချာသည်မှာ ဤနေရာ၌ ဖော်ပြထားသည့် ပလ္လင်တော်မှာ ကောင်းကင်၌ရှိသည့် ဘုရားသခင်၏ပလ္လင်တော်ပင် ဖြစ်သည် (ဗျာ၊၄း၂)။ ဘုရားသခင်၏ပလ္လင်တော်သည် စကြဝဠာတစ်ခုလုံးဆီသို့ သက်ရောက်သော အခွင့်အာဏာ၏ ပလ္လင်တော်ဖြစ်သည် (ဒံ၊၇း၉။ ဗျာ၊၅း၁)။
   b. သို့သော် ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့ထံသို့ ၎င်းသည် ကျေးဇူးတော်ပလ္လင်ဖြစ်လာသည်၊ ယင်းကို အသန့်ရှင်းဆုံးဌာနအတွင်းရှိ အပြစ်ကျေအေးရာအဖုံး (ကရုဏာပလ္လင်) ဖြင့် ပုံဆောင်ထားသည် (ထွ၂၅း၁၇၊ ၂၁)။ ဤပလ္လင်တော်သည် ဘုရားသခင်နှင့်သိုးသငယ် နှစ်ဦးလုံး၏ ပလ္လင်တော်ဖြစ်သည် (ဗျာ၊၂၂း၁)။
   c. ကျွန်ုပ်တို့သည် မြေကြီးပေါ်မှာ အသက်ရှင်နေကြစဉ်တွင် ကောင်းကင်ရှိ ဘုရားသခင်နှင့် သိုးသငယ်ခရစ်တော်၏ ပလ္လင်တော်သို့ မည်သို့ လာနိုင်ကြမည်နည်း။ လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့၏ဝိညာဉ်ဖြစ်ပြီး၊ ယင်းကို ဟေဗြဲ ၄း၁၂ တွင် ရည်ညွှန်းဖော်ပြထားသည်။
   d. ကောင်းကင်ရှိ ပလ္လင်တော်ပေါ်မှာ ထိုင်နေတော်မူသော ခရစ်တော် (ရော၊၈း၃၄) သည်ပင် ယခု ကျွန်ုပ်တို့၌လည်း ရှိနေသည် (အငယ်၊၁၀)၊ ယင်းမှာ ကျွန်ုပ်တို့၏လူသားဝိညာဉ်၌ ဖြစ်ပြီး (၂တိ၊၄း၂၂)၊ ဘုရားသခင်၏ကိန်းဝပ်ရာနေရာ ရှိသောနေရာပင် ဖြစ်သည် (၉၂း၂၂)။

e. ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏ကိန်းဝပ်ရာနေရာ၊ ကောင်းကင်၏တံခါးပေါက်ဖြစ်သော ဗေသလ၌ ခရစ်တော်သည် မြေကြီးကို ကောင်းကင်သို့ ပေါင်းစည်းဆက်နွယ်၍ ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာသော လှေကားဖြစ်သည် (က၊၂၈း၁၂-၁၇။ ယော၊၁း၅၁)။ ယနေ့ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဘုရားသခင်၏ကိန်းဝပ်နေရာ ရှိသည့်နေရာဖြစ်သောကြောင့် ၎င်းသည် ယခု ကောင်းကင်၏တံခါးပေါက်ဖြစ်ကာ၊ ယင်းမှာ လှေကားဖြစ်သော ခရစ်တော်က မြေကြီးပေါ်မှာရှိသောလူများဖြစ်သည့် ကျွန်ုပ်တို့ကို ကောင်းကင်သို့ ဆက်နွယ်ပေး၍၊ ကောင်းကင်ကို ကျွန်ုပ်တို့ထံသို့ ယူဆောင်လာရာ နေရာဖြစ်သည်။

f. သို့ဖြစ်၍ ကျွန်ုပ်တို့၏ဝိညာဉ်ထံ လှည့်ပြန်လာသောအခါတိုင်း ကျွန်ုပ်တို့သည် ကောင်းကင်တံခါးပေါက်မှတစ်ဆင့် ဝင်ရောက်ကာ၊ ကောင်းကင်ဆိုင်ရာလှေကားအဖြစ် ခရစ်တော်မှတစ်ဆင့် ကောင်းကင်ရှိ ကျေးဇူးတော်ပလ္လင်ကို ထိတွေ့ရကြသည်။

D. ဤလှေကားရှိရာနေရာ၌ ဖွင့်ထားသောကောင်းကင်၊ ပုံသဏ္ဌာန်ပြောင်းလဲသောလူ၊ ဤလူအပေါ်မှာ ဘိသိက်ပေးခြင်းနှင့် ဤလူနှင့်အတူ ဘုရားသခင်၏အိမ်တော်တည်ဆောက်ခြင်းတို့ ရှိနေသည်။

E. ကောင်းကင်ဆိုင်ရာလှေကားအဖြစ် ခရစ်တော်မှထွက်ပေါ်လာသောရလဒ်မှာ ဗေသလ တည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ အသင်းတော် ဖြစ်သည်။ ဤလှေကား၏ ပြီးမြောက်ပြည့်စုံခြင်းမှာ ယေရုရှလင်မြို့သစ်ဖြစ်သည်။

© 2026 Living Stream Ministry